ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ (၂ / ၂၀၁၂)

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်

အကြောင်းအရာ။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင်ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများပြင်ဆင် သတ်မှတ်ခြင်းကိစ္စ

၁။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့သွားရောက်ပြသခြင်းများအတွက်လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်နေ့စွဲပါစာအမှတ်၊ ၁၄ ခ ၉၈ (မူ)(၂၂၈၃) ဖြင့် အကြောင်းကြားထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ လက်ရှိပြောင်းလဲသော အခြေအနေများနှင့်လိုက်လျောညီထွေဖြစ်စေရန် ကုန်စည်ပြပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ရေးဆွဲ၍ နိုင်ငံတော်သမ္မတရုံးသို့ (၄-၅-၂၀၁၂) နေ့တွင် တင်ပြအတည်ပြုပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက်နေ့စွဲပါ စာအမှတ်၊ စက-၁၄/၂-၄၉/၂၀၁၂(၂)ဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံးနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ဖြန့်ဝေပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲကျင်းပခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသရာတွင်လိုက်နာဆောင်ရွက်ရန် ကုန်စည်ပြပွဲဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပူးတွဲပါအတိုင်း အသိပေးထုတ်ပြန်လိုက်ပါသည်။

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း
## ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့်
## ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက်
## လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ

၂၀၁၂ခုနှစ်၊ ဇွန်လ ၁၂ ရက်

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အကျိုးအကြောင်းဖော်ပြချက် | ၁-၁ |
| ၂ | ခွင့်ပြုချက်တောင်းခံခြင်း | ၁-၂ |
| ၃ | ခွင့်ပြုမိန့်များထုတ်ပေးခြင်း | ၂-၂ |
| ၄ | မြန်မာနိုင်ငံအတွင်းကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်း | ၂-၄ |
| ၅ | ပြည်ပနိုင်ငံများတွင်ကျင်းပပြုလုပ်သည့်ကုန်စည်ပြပွဲများသို့သွားရောက်ပြသခြင်း | ၄-၅ |
| ၆ | အထွေထွေ | ၅-၅ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ

### အကျိုးအကြောင်းဖော်ပြချက်

၁။ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်နေသည့်အချိန်တွင် အချို့သောဝန်ကြီးဌာနများ ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ ၊ သမဝါယမအသင်းများ ၊ သံရုံးများ ၊ ကုမ္ပဏီများမှ ကြီးမှူးပြီး မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်သကဲ့သို့ ပြည်ပနိုင်ငံတွင်ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့သွားရောက်ခင်းကျင်းပြသမှုများလည်း ပြုလုပ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်သည်ဖြစ်စေ ပြည်ပနိုင်ငံများ၌ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည်ဖြစ်စေ ဦးဆောင်ကျင်းပသည့် ဝန်ကြီးဌာန၊ သံရုံး၊ အဖွဲ့အစည်း၊ ကုမ္ပဏီများအနေဖြင့် ကုန်စည်ပြပွဲ ကျင်းပပြုလုပ်ခွင့်တောင်းခံခြင်း ၊ ကုန်ပစ္စည်းများ တင်သွင်းခွင့်/တင်ပို့ခွင့်တောင်းခံခြင်း ၊ တင်သွင်းခြင်း ၊ တင်ပို့ခြင်း စသည့်လုပ်ငန်းများအပါအဝင်ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် သတ်မှတ်ထားသော စည်းမျဉ်း ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်လျက်ရှိပါသည်။

၃။ ယခုအခါ နိုင်ငံတော်အစိုးရသစ်သည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် ဈေးကွက်များချဲ့ထွင်နိုင်ရန် မြန်မာနိုင်ငံအတွင်း ပြည်ပကုန်စည်ပြပွဲများ လာရောက် ကျင်းပခြင်း ၊ ပြည်ပနိုင်ငံများသို့ ကုန်စည်ပြပွဲများ သွားရောက်ပြသခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိဖြစ်ပေါ်ပြောင်းလဲလာသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

### ခွင့်ပြုချက်တောင်းခံခြင်း

၄။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်သည်ဖြစ်စေ၊ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည်ဖြစ်စေ၊ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ( သမဝါယမအသင်း၊ သံရုံး၊ ကုမ္ပဏီ)သည်

ကျင်းပပြုလုပ်ခွင့်၊ ပြည်ပသို့သွားရောက်ပြသခွင့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်များ တောင်းခံရမည်ဖြစ်ပြီး ခွင့်ပြုချက်များရမှသာ ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲအမျိုးမျိုး ကျင်းပလျှက်ရှိရာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ပမှ တစ်နိုင်ငံခြင်း လာရောက်ပြသသော ကုန်စည်ပြပွဲ

(ခ) ပြည်ပမှ နိုင်ငံစုံ လာရောက်ပြသသော ကုန်စည်ပြပွဲ

(ဂ) ပြည်တွင်းနှင့် ပြည်ပပေါင်းစပ် ပြသသော ကုန်စည်ပြပွဲ

(ဃ) ပြည်တွင်း ကုမ္ပဏီ၊ လုပ်ငန်းရှင်များ စုပေါင်းပြသသော ကုန်စည်ပြပွဲ

၆။ ပြပွဲခွင့်ပြုမိန့် ရရှိရေးအတွက် အထက်အပိုဒ် ၅၊ အပိုဒ်ခွဲ (က)မှ (ဂ)အထိဖော်ပြထားသည့် ပြည်ပမှ လာရောက်ပြသသော ကုန်စည်ပြပွဲများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အချက်အလက်ပြည့်စုံစွာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အနည်းဆုံး (၂) လကြိုတင်တင်ပြပြီး ခွင့်ပြုမိန့်များ တောင်းခံကြရန်ဖြစ်ပါသည်။ ထို့အပြင် အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော ပြည်တွင်းကုန်စည်ပြပွဲများကိုမူ သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့များတွင် ကျင်းပခွင့်ရယူကြရန်ဖြစ်ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြပွဲကျင်းပမည့် အခြေအနေနှင့် ပြပွဲကျင်းပပြီးနောက် အခြေအနေများကို တာဝန်ယူကျင်းပသည့် အဖွဲ့အစည်း၊ ကုမ္ပဏီတို့က အစီရင်ခံစာ အကျဉ်းချုပ်ပြုစု တင်ပြကြရန် ဖြစ်ပါသည်။

**ခွင့်ပြုမိန့်များထုတ်ပေးခြင်း**

၇။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းဆိုင်ရာကြီးကြပ်မှုကော်မတီကို ဖွဲ့စည်း၍ ကုန်စည်ပြပွဲများကျင်းပခွင့်ကို ခွင့်ပြုမိန့်များ ထုတ်ပေးမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအတွင်းကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်း**

၈။ **ကုန်ပစ္စည်းများတင်သွင်းခွင့်လျှောက်ထားခြင်း။** ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် ပြည်ပမှတင်သွင်းသည့်ပစ္စည်းများကို ယေဘူယျအားဖြင့် (Draw Back) စနစ်ဖြင့်သာ တင်သွင်းခွင့်ပြုပါသည်။ ပြည်တွင်း၌ပြန်လည်ရောင်းချခွင့်မပြုပါ။

၉။ ကုန်စည်ပြပွဲကျင်းပမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများသည် ကုန်စည်ပြပွဲတွင်ခင်းကျင်း ပြသရန်အတွက် ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများကို အကြိမ်ကြိမ်အလီလီ တင်ပြခြင်းမပြုဘဲ တစ်ကြိမ်တည်းဖြင့် ကုန်စည်ပြပွဲမကျင်းပမီ အနည်းဆုံးတစ်လ ( တစ်လ ) ကြိုတင် တင်ပြ လျှောက်ထားရမည်။

၁၀။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြပွဲတွင်ခင်းကျင်းပြသမည့် ပစ္စည်း များနှင့်စပ်လျဥ်း၍ သင့်လျော်သည့် ပစ္စည်းအမျိုးအစားနှင့် သင့်လျော်သည့် အရေအတွက်သာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၁၁။ **တင်သွင်းခွင့်ပြုခြင်း။** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန် စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် တင်သွင်းခွင့်လျှောက်ထားသည့် ပစ္စည်းများအား သတ်မှတ် ထားသော စည်းမျဉ်းစည်းကမ်းများ နှင့်အညီစိစစ်ပြီး သင့်လျော်သည့် ပစ္စည်းအမျိုးအမည်နှင့် အရေ အတွက်များကို တင်သွင်းခွင့်ပြုမည် ဖြစ်ပါသည်။

၁၂။ **တင်သွင်းခြင်း။** ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းခွင့်ပြုသည့် ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်များ အတိုင်းသာ တင်သွင်းရမည်ဖြစ်ပါသည်။

၁၃။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက တင်သွင်းခွင့်ပြုထားသည့် ပစ္စည်းများအား ပြည်ပမှတင်သွင်းရာတွင် ကုန်စည်ပြပွဲ မကျင်းပ မီ အရောက်တင်သွင်းရမည်။

၁၄။ **သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုခြင်း။** ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန် အတွက် တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ်တွင် သွင်းကုန်လိုင်စင်ကြေး ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပါသည်။

၁၅။ **ရောင်းချခြင်း။** ကုန်စည်ပြပွဲ၌ ရောင်းချလိုပါက ရောင်းချလိုသည့် ပစ္စည်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကြိုတင်ခွင့်ပြုမိန့်များ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုမိန့်များရရှိမှသာ ရောင်းချခွင့်ရှိသည်။

၁၆။ အဆိုပါရောင်းချသည့် ပစ္စည်းများအတွက် ကျသင့်သည့် သွင်းကုန်လိုင်စင်ကြေး ၊ အကောက် ခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်များ ၊ အမြတ်ခွန်များအား သတ်မှတ်နှုန်းထားများအတိုင်း ပေးချေရ

မည်။ ကင်းလွတ်ခွင့်တောင်းခံလိုပါက ရှင်းလင်းဖော်ပြချက်ဖြင့် သက်ဆိုင်သည့်ဌာနသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တင်ပြတောင်းခံရမည်။

၁၇။ **လှူဒါန်းခြင်း။** ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် တင်သွင်းလာသည့် ပစ္စည်းများအနက်မှ အောက်ဖော်ပြပါအဖွဲ့အစည်းများသို့ လှူဒါန်းလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတည်ပြု ခွင့်ပြုမိန့်ဖြင့် လှူဒါန်းနိုင်ပါသည်။

(က) မြန်မာပြည်အတွင်းရှိဘာသာရေးအဖွဲ့အစည်းများ

(ခ) လူမှုရေးအဖွဲ့အစည်းများ

(ဂ) အစိုးရဌာနအဖွဲ့အစည်းများ

၁၈။ **ဆိပ်ကမ်းအတွင်းမှ ရှင်းလင်းထုတ်ယူခြင်းနှင့် ပြန်လည်တင်ပို့ခြင်း။** ကုန်စည်ပြပွဲကို တာဝန်ခံကျင်းပမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် ပြည်ပမှတင်သွင်းလာသည့်ပစ္စည်းများအား ဆိပ်ကမ်းအတွင်းမှ ရှင်းလင်း ထုတ်ယူခြင်း ၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်ပို့ခြင်း လုပ်ငန်းများကို အဖွဲ့အစည်းတစ်ခုခုအား သီးခြားတာဝန်ပေးအပ်ရန်နှင့် ယင်းတာဝန်ပေးအပ်သည့် အဖွဲ့အစည်းကပင် တာဝန်ယူဆောင်ရွက် သွားရန် ဖြစ်ပါသည်။

၁၉။ **တင်သွင်းခြင်း ၊ တင်ပို့ခြင်း။** ကုန်စည်ပြပွဲတွင်ခင်းကျင်းပြသသည့် ပစ္စည်းများအား တင်သွင်းခြင်း ၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်ပို့ခြင်းများကို မူလခွင့်ပြုမိန့်ပါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သွင်းကုန်လိုင်စင် ၊ ထုတ်ကုန်လိုင်စင် လျှောက်ထားရန်မလိုဘဲ တင်သွင်းခွင့် တင်ပို့ခွင့်ပြုပါသည်။

**ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်း**

၂၀။ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများကို သွားရောက်ပြသရန် တာဝန်ယူ ဆောင်ရွက်သည့် ကုန်စည်ပြပွဲကြီးကြပ်ရေးကော်မတီ (သို့မဟုတ်) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သည် သွားရောက်ပြသမည့် ကုန်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် တန်ဖိုးများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အနည်းဆုံး တစ်လ (တစ်လ) ကြိုတင်၍ တင်ပြလျှောက် ထားရန် ဖြစ်ပါသည်။

၂၁။ သွားရောက်ပြသမည့် ပစ္စည်းများအား လျှောက်ထားရာတွင်လည်း ပြည်ပဈေးကွက်တွင် အမယ်သစ်အနေဖြင့် ဈေးကွက်ရရှိနိုင်သည့်ပစ္စည်းများနှင့် ပြည်ပဈေးကွက်က စိတ်ဝင်စားသည့် မြန်မာ့ပို့ကုန်များကို ရွေးချယ်လျှောက်ထားရန်ဖြစ်ပါသည်။

၂၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပသို့ သွားရောက်ပြသခွင့်လျှောက်ထားသည့်ပစ္စည်းများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး သင့်လျော်သည့် ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်ကို တင်ပို့ခွင့်ပြုမည်ဖြစ်ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တင်ပို့ခွင့်ပြုသည့်ပစ္စည်းအမျိုးအမည် ၊ အရေအတွက်များအတိုင်းသာ တင်ပို့ရန်ဖြစ်ပါသည်။ ပိုမိုတင်ပို့ခွင့်မပြုပါ။ ထို့အပြင် ခွင့်ပြုချက်မရမီ ကြိုတင် တင်ပို့ခြင်းကိုလည်း ခွင့်မပြုပါ။ ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့်ပစ္စည်းများအား ကုန်စည်ပြပွဲမကျင်းပမီ အရောက်ကြိုတင်၍ တင်ပို့ရန်ဖြစ်သည်။

၂၃။ ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့် ပစ္စည်းများအား ဝယ်လိုသူများ ရှိပါက ရောင်းချခွင့်ပြုပါသည်။ ရောင်းချရရှိသည့်နိုင်ငံခြားငွေများကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ နိုင်ငံခြားငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရမည်။

၂၄။ ကုန်စည်ပြပွဲပြီးဆုံးသည့်အခါ ကျန်သည့်ပစ္စည်းများအား မြန်မာပြည်သို့ သတ်မှတ်ထားသော ကာလအတွင်း အရောက်ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၂၅။ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့် ကုန်ပစ္စည်းများအား မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းလာသည့်အချိန်တွင် သွင်းကုန်လိုင်စင်ကြေးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပါသည်။

၂၆။ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့် ကုန်ပစ္စည်းများအား မူလခွင့်ပြုထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ တင်ပို့ခွင့်၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်သွင်းခွင့်ပြုပါသည်။

**အထွေထွေ**

၂၇။ မြန်မာနိုင်ငံအတွင်း ကျင်းပပြုလုပ်သည့်ကုန်စည်ပြပွဲများတွင်ဖြစ်စေ၊ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများတွင်ဖြစ်စေ ခင်းကျင်းပြသသည့်ပစ္စည်းများအား တင်သွင်းခြင်း ၊ တင်ပို့ခြင်း ၊ ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်းများပြုရာတွင် သက်ဆိုင်ရာကုန်စည်ပြပွဲကျင်းပမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကုမ္ပဏီများသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အခါအားလျော်စွာထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊ စက - ၂၇ / ၉ / ၂၀၁၂ ( ၉၈၂ )

ရက်စွဲ ၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်

အကြောင်းအရာ။ **ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သမ္မတရုံးသို့တင်ပြခဲ့ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့ပါသည်။

၂။ အဆိုပါ လုပ်ထုံးလုပ်နည်းအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကိုဖွဲ့စည်း၍ ကုန်စည်ပြပွဲကျင်းပခွင့်ဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသောကုန်စည်ပြပွဲများကို ခွင့်ပြုချက်များ ထုတ်ပေးသွားမည်ဖြစ်ရာ ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (င) | ဒုတိယရုံးအဖွဲ့မှူး<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုန်သွယ်မှုမူဝါဒ၊ဥပဒေ၊လုပ်ထုံးလုပ်နည်းများဆိုင်ရာ
စိစစ်ဆောင်ရွက်ရေးဌာနခွဲ၊
ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကုန်သွယ်မှု မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ လေ့လာ
သုံးသပ်စိစစ်ရေးဌာနခွဲ၊
နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူး တွဲဖက်
အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ အတွင်းရေးမှူး
ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

၃။ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်း / ပြည်ပ ကုန်စည်ပြပွဲများ လွယ်ကူချောမွေ့စွာ ကျင်းပနိုင်ရေး စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။

(ခ) ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်လိုက်လျောညီထွေ ကျင့်သုံးနိုင်မည့် ကုန်စည်ပြပွဲဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြုစုခြင်း၊ အတည်ပြုချက်ရယူခြင်း၊ ထုတ်ပြန်ကြေညာခြင်းများဆောင်ရွက်ရန်။

(ဂ) ပြည်တွင်း / ပြည်ပကုန်စည်ပြပွဲများ ကျင်းပခွင့်ပြုရန် တင်ပြလာခြင်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးရန်။

(ဃ) ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲများတွင် ခင်းကျင်းပြသမည့် ကုန်ပစ္စည်းများ တင်ပို့/ တင်သွင်းခြင်းနှင့် အဆိုပါပစ္စည်းများရောင်းချခြင်း၊ လှူဒါန်းခြင်း၊ အခမဲ့ဖြန့်ဝေခြင်း၊ စွန့်ပစ်ခြင်းစသည်တို့ကို သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အညီ စိစစ်ခွင့်ပြုပေးရန်။

(င) ပြည်ပနိုင်ငံအစိုးရ (သို့မဟုတ်) အဖွဲ့အစည်းများမှ စရိတ်ကျခံ ဖိတ်ကြားသော ပြပွဲများ၊ နိုင်ငံတော်အစိုးရ ကုန်ကျစရိတ်ဖြင့် သွားရောက်ပြသမည့် ပြပွဲများနှင့် ပတ်သက်၍ ကိုယ်စားလှယ်အဖွဲ့ ရွေးချယ်ခြင်းအတွက် စိစစ်အတည်ပြုပေးရန်။

(စ) ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲများ ကျင်းပရာတွင် အခမ်းအနားပြင်ဆင်ခြင်း၊ ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနားများကျင်းပခြင်း၊ ကုန်ပစ္စည်းများခင်းကျင်း ပြသခြင်းများ စနစ်တကျရှိစေရေး ကြီးကြပ်လမ်းညွှန်မှုပြုရန်။

(ဆ) ပြည်တွင်း/ပြည်ပကုန်စည်ပြပွဲများကျင်းပရာတွင်ဆက်စပ်ကျင်းပသည့်ဆွေးနွေးပွဲများ၊စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ၊စာချုပ်လက်မှတ်ရေးထိုးပွဲများ ကျင်းပခွင့်ကို စိစစ်ခွင့်ပြုပေးရန်နှင့် စနစ်တကျဆောင်ရွက်နိုင်ရေးကြီးကြပ် လမ်းညွှန်မှုပေးရန်။

(ဇ) ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ပြည်တွင်းကုန်စည်ပြပွဲများ ဆောင်ရွက်ရန်ရှိပါက ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ခွင့်ပြုပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရန်။

(ဈ) ကုန်စည်ပြပွဲကျင်းပရန် တာဝန်ခံဆောင်ရွက်မည့် ဝန်ဆောင်မှုကုမ္ပဏီ (Service Provider) များ၏ အရည်အချင်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ရန်။

(ည) ကုန်စည်ပြပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သတင်းအချက်အလက် ဖြန့်ဝေရေး လုပ်ငန်းများ၊ ကုန်စည်ပြပွဲစီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး ကြီးကြပ်ဆောင်ရွက်ရန်။

(ဋ) မြန်မာနိုင်ငံအတွင်းသင့်တော်သောမြို့ကြီးများတွင်နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲခန်းမကြီးများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်ရန်။

ပြည်ထောင်စုဝန်ကြီး( )
(တိုးအောင်မြင့်၊ ရုံးအဖွဲ့မှူး )

ဖြန့်ဝေခြင်း

အဖွဲ့ဝင်များအားလုံး

မိတ္တူကို-

၁။ နိုင်ငံတော်သမ္မတရုံး

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၃။ ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

၄။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး

၅။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

၆။ ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန

၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်